စိတ်ကူးချိုချိုအနုပညာ

# သစ္စာနီ

# ဒီကမ္ဘာကြီးမကျေးခင် လူ့တော ဘာတွေရှာဖွေခဲ့သလဲ

ပြိုင်

ဝါကြား ကမ္ဘာ့မြား




m.myoe.com

mgyoe.com



မ

သစ္စာနဲ့

ဒီကမ္ဘာကြီးမပျောက်ခင်

သူ့ကော

ဘာတွေရှုပ်ထွေးခဲ့သလဲ

ရေး

[illegible]

TSN0004

1,500.00 KS

mgyoe.com
ဒီကဗျာကိုမရေးခင်ကျွန်တော်ဘာတွေလုပ်နေခဲ့သလဲနှင့်အခြားကဗျာများ။ သစ္စာနီ
မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် - မှတ်သုန်
စာမျက်နှာ ၁၀၅ မျက်နှာ၊ ၁၄ · ၅ စင်တီ x ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဆိုးရိမ်လမ်း။ ရန်ကင်း။
၂၀၁၈၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဒီကဗျာကိုမရေးခင်
# ကျွန်တော်
# ဘာတွေလုပ်နေခဲ့သလဲနှင့်
# အခြားကဗျာများ

သစ္စာနီ

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အမှာစကား

ထူးထူးထွေထွေ ပြောစရာမရှိပါ။ ဒီကဗျာစာအုပ်ဟာ ရှေ့က ကျွန်တော်ထုတ်ဝေခဲ့ပြီးတဲ့ ကဗျာလုံးချင်း ၅ အုပ်မှာ မပါသေးတဲ့ကဗျာတွေကို အဓိကထားဖော်ပြတဲ့စာအုပ် ဖြစ်ပါတယ်။

အဲဒီကဗျာတွေကို အပိုင်း ၁ မှာ ဖတ်ရှုနိုင်ပါတယ်။ အပိုင်း ၂ ကတော့ ကျွန်တော်ကဗျာရေးစက ၁၉၇၀ တစ်ဝိုက် ရှုမဝနဲ့ မိုးဝေမှာ ဖော်ပြခဲ့တဲ့ ငယ်မူလက်ရာကဗျာဟောင်းလေးတွေ စုစည်းဖော်ပြထားတာပဲ။ အဲဒီကဗျာတွေ အများစုက ကာရန်နဲ့ရေးထားတဲ့ လေးလုံးစပ်တွေ လေးချိုးတွေပေါ့။ အဲဒီကဗျာတွေကိုလည်း အရင်က ဘယ်လုံးချင်းစာအုပ်မှာမှ ထည့်သွင်းဖော်ပြမှု မပြုခဲ့ပါဘူး။ အနှစ် ၅၀ ခန့်က ကဗျာတွေဟာ စာဖတ်သူကို အာရုံတစ်ခုခုပေးနိုင်ဦးမလား။

ကျွန်တော်မျှော်လင့်တာကတော့ ဒီလောက်ပါပဲ။

ကျေးရှူးတင်လျက်
**သစ္စာနီ**
(ဇွန် ၂၀၁၆)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အပိုင်း (၁)

# ဒီကာဗျာကိုမရေးခင် ကျွန်တော် ဘာတွေလုပ်နေခဲ့သလဲ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဒီကဗျာကို မရေးခင် ကျွန်တော်ဘာတွေလုပ်နေခဲ့သလဲ ၆

၂။ ခြေရာတွေနဲ့လောက ၇

၃။ အနှောင့်အသွားမလွတ်တဲ့ကဗျာ ၈

၄။ အလျားလိုက်ဖြတ်သန်းခြင်း ၉

၅။ စည်သွတ်ဘူးတစ်ခုရဲ့အပေါ်က
ရက်လွန်နေတဲ့နေ့စွဲရဲ့ အရောင်းအဝယ် ၁၀

၆။ ရေစီးသန်တဲ့မြစ်လို သွေးသားများရဲ့နောက်တစ်နေ့ ၁၂

၇။ ကံစမ်းမဲပေါက်တဲ့နေ့ ၁၄

၈။ အာရုံငါးပါးကို အမဲလိုက်ခြင်း ၁၅

၉။ တော်လှန်ကြောင် ၁၆

၁၀။ ဝိမုတ္တိဝက်ပါ ၁၈

၁၁။ ကဗျာသက်သက် ၁၉

၁၂။ အဆင်မပြေတဲ့နေ့ ၂၁

၁၃။ ဒီနေ့ကဗျာရေးမယ်လုပ်ပြီးမှ စဉ်းစားမိတာက ၂၃

၁၄။ သွေးကြောထဲကသကြ်န် ၂၄

၁၅။ လောလောလတ်လတ်သောကများ ၂၅

၁၆။ ပုံအကြောင်း ၂၆

၁၇။ ဒဏ္ဍာရီ ၂၈



mgyoe.com

၁၈။ မေးခွန်းများ ၂၉
၁၉။ အောက်ပါဝါကျများ ၃၀
၂၀။ ယုတ္တိဗေဒကွယ်လွန်ခြင်း ၃၂
၂၁။ မြန်မာပြည်အရေပြားပေါ်က ဖျက်မရတဲ့တက်တူး ၃၄
၂၂။ ဗရန်ကင်စတိန်နိုင်ငံတော် ၃၆
၂၃။ လက်ပံတန်းကို ဝန်းရံကြ ၃၈
၂၄။ ၈၈၈၈ ၄၀
၂၅။ မှိုင်းဘွဲ့မဟာကဗျာလေးချိုး ၄၁
၂၆။ ခွပ်ဒေါင်းသြဘာစာ ၄၄
၂၇။ မြေဇာပင်အိပ်မက်များ ၄၇
၂၈။ အချစ်ကဗျာ ၄၉

▢

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ဒီကဗျာကိုမရေးခင်
ကျွန်တော်ဘာတွေလုပ်နေခဲ့သလဲ

ဝတ္ထုတိုနဲ့ အိမ်ထောင်ကျတဲ့အခါကျ
လွတ်လပ်ခြင်းကို အမဲလိုက်တဲ့အခါလိုက်
ဇရာနဲ့ ပျော်ပွဲစားထွက်တဲ့အခါထွက်
ပန်းချီကားတွေ စိုက်ပျိုးတဲ့အခါစိုက်ပျိုး
လောကဓံနဲ့ စစ်တုရင်ကစားတဲ့အခါကစား
အနာဂတ်ကို ကွန်ပစ်တဲ့အခါပစ်
ကိုယ့်ကိုယ်ကိုယ် စစ်ကြောညာတဲ့အခါကြောညာ
ဘာသာရေးနဲ့ လက်ဖက်ရည်အတူသောက်တဲ့အခါသောက်
ငတေတို့တစ်သိုက်ကို ကျိန်ဆဲတဲ့အခါ ကျိန်ဆဲ
လိင်ကိစ္စနဲ့ ရှက်လှင့်တဲ့အခါ ရှက်လှင့်

ဒီကဗျာကို မရေးခင်
ကျွန်တော် ဘာတွေလုပ်နေခဲ့သလဲဆိုတော့…။ ။

Idea မဂ္ဂဇင်း၊ ဇန်နဝါရီ ၂၀၀၇

mgyoe.com

## မြေရာတွေနဲ့လောက

စိတ်တိုင်းမကျတဲ့အခါ
စိတ်တိုင်းကျမှာ ထိုင်ပစ်လိုက်တယ်
"လက်ဖက်ရည် ပေါ့ဆိမ့်တစ်ခွက်"
(မလိုအပ်ဘဲ ပြင်ခိုင်းလိုက်သေးရဲ့)

"မြက်ခင်းပေါ်မနင်းရ" ဆိုတော့လည်း
ဘာအရေးလဲ
နင်းစရာမြေတွေ အများကြီး။ ။

. ပိတောက်မဂ္ဂဇင်း၊ အောက်တိုဘာ ၂၀၀၈

mgyoe.com

# အနှောင့်အသွားမလွတ်တဲ့ကဗျာ

ကဗျာဆိုတာ...
　　အဲသလိုတော့လဲ
မဟုတ်သေးဘူးပေါ့။
ကဗျာက အမြဲရှည်တယ်
(ကိုက်ထိုးရောင်းရင် တော်တော်ကိုက်မယ်)
သူရေးလိုက်ရင်
ကဗျာကအမြဲတိုတယ်
(လမစေ့ဘဲ ကိုယ်ဝန်ပျက်ကျသလို)
ငါ့ထက်တော်တာတောင် ငါ့လောက်မတော်ဘူး
ထိုင်ကန်တော့ရမယ့်ကဗျာ
ကြမ်းရမ်းရမယ် ရိုင်းပျရမယ်
တာလီဘန်စိတ်ဓာတ်နဲ့ကဗျာ
ပွင့်လင်းလွတ်လပ်ရမယ်
ကွန်ဒုံးမပါတဲ့ကဗျာ၊
ရွှေပေလွှာပေါ်မှာရေးရေး
အိမ်သာနံရံမှာရေးရေး
အဲသလိုတော့လည်း
မဟုတ်သေးဘူး

ကဗျာဆရာဆိုတာက...
ပလေးတိုလည်း မဟုတ်ဘူး
ရှိဝှန်တီလည်း မဟုတ်ဘူး
ပြီးတော့...
ဘုရားသခင်လည်း မဟုတ်ဘူးလေ။　　။

ပိတောက်ပွင့်သစ်

mgyoe.com

# အလျားလိုက်ဖြတ်သန်းခြင်း

ဒီလို...
မိတ္တူစက်က ထွက်ကျလာသလိုနေ့မျိုး
ဒီလို...
ရှေ့တိုးမရ နောက်ဆုတ်မရ
ဒီလို...
သောက်နေကျလက်ဖက်ရည်က
အရသာပျက်တဲ့နေ့မျိုး
ဒီလို...
မျက်ထောင့်နီနီနဲ့ အကြည့်ခံရ
ဒီလို...
မြွေဖြစ်လျက် တွင်းဝင်မဖြောင့်
ဒီလို...
ချေငွေဗားရားလိုလို နတ်သျှင်နောင်လိုလို
ပြီးတော့...
ဒီလိုပါပဲလေလို့
ခင်ဗျားတို့နဲ့အတူတူ
ပြေရာပြေကြောင်း တွေးမိတဲ့နေ့မျိုးပေါ့။ ။

ရန်ကုန်၊ နိုဝင်ဘာ ၂၀၁၀

mgyoe.com

mgyoe.com


စည်သွတ်ဘူးတစ်ခုရဲ့အပေါ်က
ရက်လွန်နေတဲ့နေ့စွဲရဲ့ အရောင်အဝယ်


လက်ဖက်ရည်ခွက်ထဲက ဘဝတစ်ဝက်
ချေပွေဖားရား ယောင်ယောင်
ချာလီချက်ပလင် ယောင်ယောင်
မိုးရောက်တော့...
မိုးဟာ စိတ်ပျက်စရာကောင်းနေပုံ
ထီးတွေ ဒီဇိုင်းအရောင်အသွေးဆန်းကြယ်ပုံ
ပြက်လုံးဆန်တဲ့ သံဝေဂများ။

ရလိုက်သလား
မရလိုက်ဘူးလား
ကွန်ပစ်ခဲ့တယ်၊ ထီထိုးခဲ့တယ်
ရုပ်ရှင်ကား မပြီးဆုံးသေးတဲ့
အားလပ်ချိန်လို။ ။

လမ်း (၁) စက်တင်ဘာ ၂၀၁၅

mgyoe.com

mgyoe.com




mgyoe.com

 mgyoe.com 

ရေစီးသန်တဲ့မြစ်လို
သွေးသားများရဲ့နောက်တစ်နေ့

စွန်ပလွံပင်ကို ငါတက်မည်
စွန်ပလွံသီးကို ငါကိုင်မည်
ရှောလမုန်သီချင်းကို ဖတ်တဲ့ည
နံ့ရံတွေမှာ မျက်စိမရှိသလို
ဘလက်ဟိုးလ်နှစ်ခု၊ အသားတစ်ပုံ
နှုတ်ခမ်းနီပေနေတဲ့ စီးကရက်တိုဟာ
ရေချိုးခန်းဆီ ထွက်သွားတယ်၊
ငါနဲ့ နောက်ဆုံးအိပ်ခဲ့တဲ့ သူဟာ
ဘယ်သူလဲ။

ငါ့မွေ့ရာပေါ်မှာ ကျန်ခဲ့တဲ့
မင်းရဲ့ခန္ဓာကိုယ်အရာဟာ
ပိတ်ထားတဲ့ ပြတိုက်တစ်ခုလို
အေးစက်လို့...

mgyoe.com

ငါ့အခန်းသော့ပိုတစ်ချောင်း
မင်းဆီ ပါသွားတယ်
မင်းမေ့လျော့ခဲ့တဲ့
အတွင်းခံဘောင်းဘီပန်းရောင်လေးဟာ
ငါ့ စာရေးစားပွဲရဲ့
တတိယမြောက် အံဆွဲထဲမှာ။
ငါနဲ့ နောက်ဆုံးအိပ်ခဲ့တဲ့သူဟာ
ဘယ်သူလဲ။
နာမည်တွေကို မေ့တယ်
နေ့စွဲတွေကို မေ့တယ်
သူ မဟုတ်သလို
နေကာမျက်မှန်တပ်ထားတဲ့ မနက်ခင်း။ ။

ကဗျာအသံ၊ ဇူလိုင် ၂၀၁၅

mgyoe.com

## ကံစမ်းမဲပေါက်တဲ့နေ့

ဒီနေ့
ခြေခင်းလက်ခင်းသာတယ်။

သတင်းစာထဲမှာ
မိုးလေဝသက... ဘယ်လို
လွန်းပြန်ယာဉ်အမီ
အိပ်တန်းပြန်တဲ့ငှက်
ပြာသိုအယောင်ဆောင်ထားတဲ့ တော်သလင်း
တူးဖော်လို့ရတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းဟာ
ကြယ်ငါးပွင့် ဟိုတယ်ရဲ့ မီနူးကတ်။

ပုံမှန်လက်ဖက်ရည်တစ်ခွက်ကို
ပုံမှန်သောက်နေကျဆိုင်မှာ...
(ပင်နီတီ ကန်တာကအစ
တည င်းသီး ဆားရည်စိမ်အဆုံး)
အားလုံးက ဖော်ဖြူလာနဲ့။ ။



mgyoe.com

## အာရုံငါးပါးကို အမဲလိုက်ခြင်း

လူဖြစ်ဖို့ရာ...
သုက်ပိုးလိုတယ်
ဒုလ္လဘတရားလိုတယ်
ရှက်ဆုတ်ပြက္ခဒိန်လိုတယ်။

လူဖြစ်ဖို့ရာ...
အမဲသားလိုတယ်
ဟာဝိုင်ယီကမ်းခြေလိုတယ်
အီဘိုလာဗိုင်းရပ်စ်လိုတယ်။

လူဖြစ်ဖို့ရာ...
ရှိတ်စပီးယားပြဇာတ်လိုတယ်
မိုးဥတုလိုတယ်
ထိုဝါဒ ဟိုဝါဒတွေလိုတယ်။

လူဖြစ်ဖို့ရာ...
ရေဒီယိုလိုတယ်
သွားတိုက်ဆေးလိုတယ်
မီးသဂြိုဟ်စက်လည်းလိုတာပေါ့။ ။

စံနံ့သာ၊ စက်တင်ဘာ ၂၀၁၄

mgyoe.com

mgyoe.com


# တော်လှန်ကြောင်

လိမ်လိမ်မာမာနေရမယ်၊ အမေကရော အဖေကရော ဆုံးသွားတဲ့ ရွာကအဘွားကရော
အတွေ့အထိဟာ ကောင်းကင်ရဲ့ ဟိုဘက်အစွန်းနဲ့ ဒီဘက်အစွန်းအပါဝင်
ဟုတ်တယ် ကျွန်မလည်း ရှင့်လို ကြောင်တစ်ကောင်လိုအပ်မယ်ထင်တယ်
အကြီးအကျယ်ပေါက်ကွဲကာနီး တစ်စက္ကန့်အလိုမှ ဇာတ်လိုက်ဟာသီသီလေး
ဇာတ်ဆောင်က တစ်ယောက်တည်း ဘယ်သူလည်းမသေချာဘူး
ခေါင်းလိမ်းဆီ တဝင်းဝင်းခန္ဓာကိုယ်တောင့်တောင့်တင်းတင်း
အထက်တန်းကျောင်းသား လူလိမ္မာလေး မောင်လိပ်
ဟောဒီမှာ... ဟိုပဝေသဏီက ငြိမ်းချမ်းရေးပါ
ဟုတ်ကဲ့ လက်ဖက်ရည်ဆိုင်နာမည်မဟုတ်၊ ဟိုင်းဝေးကား နာမည်မဟုတ်ပါ
ပေါ့ကဗျာနဲ့ ကဗျာကြားမှာ မသာနဲ့မသာရထားပဲ ရှိတယ်မှတ်
ကဗျာကို ရှုသွင်းရှုထုတ်ရင်း ဒီလိုနဲ့ကိုယ်ပိုင်ခံစားမှုကို သန့်စင်လိုက်တယ်
သုံးမိနစ်တစ်ကြိမ် အလိုအလျောက်ရိုက်နိုင်တဲ့ ကင်မရာတစ်လုံးကို
ကြောင်ရဲ့လည်ပင်းမှာ မလျှော့မတင်းဆွဲပေး လိုက်ကြတယ်
ချူးကလီးယားဗုံး ထိခိုက်ပြီး သေချင်တဲ့လူတစ်ယောက်က
အခြားလူတွေလိုပဲ မထိခိုက်စေချင်တဲ့စိတ်မျိုး
ကျွန်တော့်မှာလည်းရှိတယ်။
တရားမရှိဘူးလို့ပြော
ဘယ်သူမှမသေမယ့်နေ့လေးတစ်နေ့မှာ အမျှဝေသံတွေ ရောင်းမကုန်ဘူး
လေးလိုက်တဲ့အရိုးတွေ မုန့် လေပွေကျလို့
လောင်စရာမရှိတဲ့ကိစ္စမှာ တစ်မျိုးသားလုံးဝင်လောင် ပေးလိုက်ရ
ရေနွေးပူကိုရှောင်ရတယ်
အဆိပ်ခတ်ထားတဲ့အသားတုံးကို ရှောင်ရတယ်

mgyoe.com

ချောက်ချားနေတဲ့သူက လမ်းခြင်းတူသူကို လမ်းပြနိုင်ရဲ့လား
အမိက ကတော့ သူတို့တတွေ ဗိုက်ပြည့်တင်းရေးပဲ။ အမှိုက်ပုံတွေ
များနေသရွေ့ကတော့ ကြွက်တွေက ပန်းပန်လျက်ပဲ နန်းစံလျက်ပဲ
အကြောက်တရားကို တော်လှန်မယ့် ငါ့အလံတော်က အနီရောင်
အရသာခံစားမှုတွေက ရှုပ်ပွ၊ အကျိုးအကြောင်းတွေ ရှုပ်ပွ
မနက်ခင်းတိုင်း ပျိုမျစ်နုနယ်မယ်လို့ ဘယ်သူပြောလဲ
ကဗျာကလွဲရင် ဘာမှမရှိတော့ဘူး... လို့ပြောပြီးမှ
ကဗျာလည်းမရှိတာကို သတိရ
သူဟာရာဇဝင်မှာ စာတင်မခံရ
သူဟာသမိုင်းနဲ့လမိုင်းမကပ်ရှာခဲ့
ပြိုင်ပွဲဝင်ကာလတစ်လျှောက်လုံး
ကြိမ်ဒဏ်တွေကိုပဲ အမှတ်တစ်ရာပြည့်အောင်ဖြေဆို
ကချင်မှာ တိုက်ပွဲရပ်ဖို့ တပ်မတော်ကိုလည်း စစ အဖွဲ့တွေတွေ့ချင်
လေသန့်သန့်ရှင်းရှင်းတစ်ခု ငါရှူရှိုက်ချင်စိတ်နဲ့
ပင်လယ်ကိုခရီးထွက်ဖို့ အစီအစဉ်ရှိတယ်။ ။

ပိတောက်ပွင့်သစ်

("တော်လှန်ကြောင်" ကဗျာပွဲမှာ ရွတ်ဆိုခဲ့တဲ့ ကဗျာဖြစ်ပါတယ်။ တော်လှန်ကြောင်ကဗျာစာအုပ်မှာပါတဲ့ ကဗျာဆရာ ၂၄ ယောက်ရဲ့ ကဗျာ ၂၄ ပုဒ်ထဲက အစီအစဉ်အတိုင်း တစ်ကြောင်းစီထုတ်ယူပြီး စီစဉ်ထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ဖြည့်စွက်ချက်တစ်စုံတစ်ရာမပါသလို မူရင်းကို ဖြတ်ခြင်းပြင်ခြင်းလည်း မပြုခဲ့ပါဘူး။ ကော့လချ်(ခေါ်) စပ်ထည်ကဗျာအမျိုးအစားလို့ ဆိုနိုင်ပါတယ်)

mgyoe.com

 mgyoe.com 

## ဝိမုတ္တိဝက်ပါ

သားအိမ်ထဲကိုရောက်လာတဲ့ဖိတ်စာမှာ
ကျွန်တော့်နာမည်က ရုပ်နဲ့နာမ်
အဝိဇ္ဇာနဲ့ တဏှာဟာ
လက်မထပ်ဘဲ အတူနေခဲ့ကြ
ခန္ဓာငါးပါးအတွက်တော့
ကံဆိုတာ ဝိုင်ပြင်းပြင်းတစ်ခွက်။

လက်ဖျံပေါ်မှာ...
သက္ကာယဒိဋ္ဌိတက်တူးနဲ့
ဘဏ်လိုအသုံးဝင်တဲ့အကုသိုလ်နဲ့
(ချေးငှားလို့လည်းရ စုဆောင်းလို့လည်းရ)
ဝိပဿနာ ဓာတ်မတည့်တဲ့ရောဂါနဲ့
ကိလေသာကို ကမ္မဋ္ဌာန်းလုပ်လို့။

လက္ခဏာရေးသုံးပါးဆိုတာ
ဘက်ထရီကုန်သွားတဲ့ လက်ကိုင်ဖုန်း
ဇာတိနဲ့ မရဏကလွှန်းပြန်ယာဉ်
သံသရာဟိုတယ်တဲ့ မီးနူးကတ်ပေါ်မှာ
ဟင်းလျာအစုံအမည်က ၃၁ ဘုံတဲ့
စားပွဲမှာထိုင်ရင်း
ကျွန်တော် မေးလိုက်တယ်
'နိဗ္ဗာန်ရမလား'။ ။

(၆၉ နှစ်ပြည့်မွေးနေ့တွင်ရေးခဲ့သည်)

mgyoe.com

# ကဗျာသက်သက်

ဒါဟာ...
ကဗျာသက်သက်ဖြစ်ပါတယ်
တစ်ခုခုကို... ခင်ဗျားခံစားဖို့
ဒါဟာ...
အသင့်ဖျော်သောက်နိုင်တဲ့ ကော်ဖီတစ်ခွက်
အပန်းဖြေကမ်းခြေရှုမျှော်ခင်း
ဆောင်းခိုငှက်တွေရဲ့ သီချင်းသံ
အပျိုစင်တစ်ယောက်ရဲ့ ကိုယ်သင်းနံ့
မဟုတ်ပါဘူး၊ ဒါဟာ...
ကဗျာသက်သက်ဖြစ်ပါတယ်။

တစ်ခုခုကို ခင်ဗျားနားလည်ဖို့
ဒါဟာ...
ပုတ္တောဝါဒဆုံးမစာ
ပါလက်စတိုင်းအရေးအခင်း
ရီလေးတစ်ဗီတီသီအိုရီ
ရုပ်မြင်သံကြားစက်ပြင်နည်း
မဟုတ်ပါဘူး၊ ဒါဟာ...
ကဗျာသက်သက်ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


တစ်ခုခုကို ခင်ဗျားမျှော်လင့်ဖို့
ဒါဟာ...
ကံစမ်းမဲပါတဲ့ဝီစကီပုလင်း
ကောင်မလေးခေါ်တဲ့ တယ်လီဖုန်း
အခွံမနွှာရသေးတဲ့ လိမ္မော်သီး
မနက်ဖြန်အတွက် မိုးလေဝသခန့်မှန်းချက်
မဟုတ်ပါဘူး၊ ဒါဟာ
ကဗျာသက်သက်ဖြစ်ပါတယ်။
ကဗျာသက်သက်ဆိုတာ...
ကဗျာသက်သက်ဖြစ်ပါတယ်။ ။

ပိတောက်ပွင့်သစ်

mgyoe.com

## အဆင်မပြေတဲ့နေ့

အဲဒီနေ့က
ကျွန်တော့်ကောင်မလေးစိတ်ကောက်နေတယ်
ဟာစ်တလာက စစ်ကြေညာခဲ့တယ်
ပန်းသီးတစ်လုံး မြေပေါ်ကိုကြွေကျခဲ့တယ်
(အဲဒါကို နယူတန်မြင်လိုက်တယ်)။

အဲဒီနေ့က
ကလီယိုပတ်ထရာကို မြွေကိုက်ခဲ့တယ်
အပိုလို (၁၁) လည်း ပျက်ကျခဲ့တယ်
မိုးလေဝသက တစ်ချုန်းရွာမယ်တဲ့
(ကျွန်တော့်မှာ ထီးမပါခဲ့ဘူး)။

အဲဒီနေ့က
ပွန်ပီမြို့ကြီး ချော်ရည်ဖုံးခဲ့တယ်
လှိုင်းပုတ်သံကြောင့် ဖျိုင်းလန့်ပျံတယ်
ကျွန်တော်ဝယ်ခဲ့တဲ့ဖိနပ်က သူနဲ့မတော်ဘူး
(အိပ်မက်ရဲ့ခြေထောက်က ကြီးနေခဲ့တယ်)။

mgyoe.com

mgyoe.com

အဲဒီနေ့က
ပဋ္ဌာစာရီ၊ ဘီလ်ဂိတ်၊ ဆိုကရေးတီး
စပါးတားကပ်စ်၊ ဂေါဂင်၊ အောင်ချိမ့်
ကံစမ်းမဲမပေါက်တဲ့ ဘုရားသခင်
အဆင်မပြေခဲ့ဘူး။

အဲဒီနေ့က
ကျောက်ဆူးကြိုး ပြတ်သွားတဲ့တိမ်
ဆောင်းကိုမမီလိုက်တဲ့နှင်း
အိမ်ပြန်သွားတဲ့ ဆယ်လ်မွန်ငါးတွေနဲ့
၂၃၅ ဒီဂရီ တိမ်းစောင်းနေတဲ့ကမ္ဘာကြီး။

ပိတောက်ပွင့်သစ်

mgyoe.com

# ဒီနေ့ ကဗျာရေးမယ်လုပ်ပြီးမှစဉ်းစားမိတာက

ကဗျာဆိုတာ... အဲသလို
မီးခံသေတ္တာထဲက နှိုက်ယူလို့မရဘူး။
ကဗျာဆိုတာ... အဲသလို
ပစ်တိုင်းမှန်တဲ့ စက်ကွင်းမဟုတ်ဘူး။
ကဗျာဆိုတာ... အဲဒီလို
မတူးဖော်ဘဲ တွေ့တဲ့သတ္တုမဟုတ်ဘူး။
ကဗျာဆိုတာ... အဲသလို
အသင့်ဝတ်နိုင်တဲ့ ရယ်ဒီမိတ်ရှပ်မဟုတ်ဘူး။
ကဗျာဆိုတာ... အဲသလို
သွားချင်တဲ့အချိန် သွားလို့ရတဲ့ ဖာအိမ်မဟုတ်ဘူး။
ကဗျာဆိုတာ... အဲသလို
စနက်တံကို ရှို့တိုင်း
ထပေါက်တဲ့ မီးရှူးမီးပန်းမဟုတ်ဘူး။
ကဗျာဆိုတာ... အဲသလို
ကိုလံဘတ်ကို လိုက်ရှာတဲ့
အမေရိကတိုက် မဟုတ်ဘူး။
ကဗျာဆိုတာ... အဲသလို
ဆီးရွှင်တဲ့နွားမကြီး သေးပေါက်သလို
တဖြန်းဖြန်း ထွက်ကျတဲ့ အရာမဟုတ်ဘူး။
အဲဒါနဲ့...
ဒီနေ့ ကဗျာမရေးဖြစ်ဘူး။ ။

ရန်ကုန်သစ်၊ ဇွန် ၂၀၁၃

mgyoe.com

mgyoe.com


## သွေးကြောထဲကသကြၤန်

မြန်မာ့ "နွှေဦး"
အလှတွေထူးမည်။

အစိမ်းရောင်အောက်က "ရှန်းကြွ"
အဝါရောင် "ပေါက်ကွဲ"
ပိတောက်လဲပွင့်ပြီ။

ဒိုးသံ...
မိုးညံ့ လေမကွဲ့။
ပွဲတော်နဲ့...
မလွဲချော်စေနဲ့။ ။

face မုခ

mgyoe.com

## လောလောလတ်လတ် သောကများ

ညှစ်လိုက်တဲ့ သွားတိုက်ဆေးဘူးက
 ဘာမှထွက်ကျမလာ
၇ နာရီ မထိုးသေး
 ပူလိုက်တဲ့နေ
၂၀၁၂ မှာ ကမ္ဘာပျက်မယ်တဲ့
(အင်ကာပြက္ခဒိန်၏အလို)
ချောင်းဆိုးနေတာ ၂ ပတ်ကျော်ပြီ
ကောင်မလေး ပေါင်ချိန်က ၁၄၈ တဲ့
ပစ်ရမှာလဲ အဆီနဲ့ တဝင်းဝင်း
ဘတ်စ်ကားတိုင်း ကျပ်ရမယ်
ဆိုတဲ့ ဥပဒေများရှိသလား၊ ရုတ်တရက်
ဖိနပ်သဲကြိုးပြတ်သွား
ဒီကဗျာကိုငါ
ဘယ်လိုအဆုံးသတ်ရမှန်းမသိ။ ။

Idea မဂ္ဂဇင်း၊ ဇူလိုင် ၂၀၁၁

mgyoe.com

mgyoe.com



## ပုံအကြောင်း

တောင်ပုံရှာပုံ
ဟိုနားပုံ ဒီနားပုံ
ဓာတ်ပုံ၊ ရှုမျှော်ခင်းပုံ
ပုံမကျ၊ ပန်းမကျ၊ ဖျာပုံ
ပုံတောင်ပုံညာ
ပုံစံ...
ပုံပုံ (မင်းသမီး ရတနာပုံ)
စပါးတွေတောင်လိုပုံ
ပုံ လာလာ ပြောတိုင်းယုံ၊ ပုံသေနည်း
ပိဋကတ် သုံးပုံ
ပုဏ္ဏား၊ ပုည (ပုံနား၊ ပုံည ဟုဖတ်)
ပုံတုံး ပုံမလာ၊ ပုံတူ မျိုးပွားခြင်း
ဤနေရာတွင် အမှိုက်မပုံရ
ပုံ...။ ။

Icon, အောက်တိုဘာ ၂၀၀၈

mgyoe.com

mgyoe.com




mgyoe.com